# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး

# အဌမနေ့ အစီအစဉ်

# [ ၂၉- ၁၁ - ၂၀၁၆ ]

# (အင်္ဂါနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် အဌမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ရှိ စက္ကူစက်ရုံ (စစ်တောင်း) အား ၂၀၁၃ ခုနှစ်တွင် Industrial Complex အနေဖြင့် စက်မှုဇုန်(၁)(၂)(၃)အဖြစ် ထူထောင်ရန် ရွှေသံလွင်ကုမ္ပဏီလီမိတက်၏ တင်ပြချက်အရ ၂၀၁၁ ခုနှစ်၌ စာချုပ်ဖြင့်ငှားရမ်းခဲ့ခြင်း** နှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်း၊

(ခ) ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **အခြေခံပညာကဏ္ဍတွင် ကျောင်းထောက်ပံ့ကြေး လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တိတိကျကျ လိုက်နာဆောင်ရွက်ရေးအတွက် အထူးစီမံကြပ်မတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ကျောင်းထောက်ပံ့ကြေးများအား ကိုယ်ကျိုးရှာ အလွဲသုံးစားပြုနေသော ကော်မတီဝင်များအား စုံစမ်းဖော်ထုတ်၍ ထိထိရောက်ရောက် အရေးယူအပြစ်ပေးရန်** အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ချင်းပြည်နယ်အတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်း၊ အထက်တန်းကျောင်း(ခွဲ)များ၌ ကွန်ပျူတာ၊ မိတ္တူကူးစက်နှင့် မီးစက်တစ်ခုစီဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏ **ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ကံဘဲ့လမ်းထောင့်ရှိ အမှတ်(၆) သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန (Department of Research and Innovation; DRI) ပိုင် မြေ ၃၅.၃၈၅ ဧကမှ ၁၇.၇၀ ဧက ကို ပွင့်လင်းမြင်သာမှုမရှိဘဲ စွန့်လွှတ်မြေအဖြစ် အချိန်တိုအတွင်း သတ်မှတ်ပြီး ရွှေတိဂုံစေတီတော်အနီးမှ လက်လွှတ်ခဲ့ရသော ဒဂုံစီးတီး အဆင့်မြင့် (Real Estate Development) မြို့ပြအိမ်ရာ စီမံကိန်းနေရာအစား (Marga Landmark Development Co;) မာဃကုမ္ပဏီသို့ နှစ် ၅၀ စီမံကိန်းဖြင့် ငှားရမ်းခဲ့မှုအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနက ထိုစီမံကိန်းကို ဖျက်သိမ်း၍ ပြည်သူ့ဆန္ဒနှင့်အညီ ဖွံ့ဖြိုးမှုအားနည်းသော တောင်ဒဂုံ၊ မြောက်ဒဂုံ၊ အရှေ့ဒဂုံ၊ ဒလနှင့် တွံတေး စသည့် နေရာများသို့ ရွှေ့ပြောင်းကာ စီမံကိန်း နေရာချထားပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်၊ နမ္မဝေါရပ်ကွက်ရှိ တပ်မတော် လက်ဖက်အချိုခြောက်စက်ရုံ မြေနေရာတွင် ပါဝင်သော အမှတ်(၃) အခြေခံ ပညာ မူလတန်းကျောင်း မြေနေရာကို ပညာရေးဝန်ကြီး ဌာနပိုင်မြေအဖြစ် လွှဲပြောင်းသတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ၊ ၎င်းကျောင်းအား ကျောင်းပြုပြင် ထိန်းသိမ်းစရိတ်နှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ရေး ရန်ပုံငွေ ချမှတ် ပေးရန်** အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့နှင့် သံထောင်ရွာများရှိ အခြေခံပညာ အထက်တန်းကျောင်းများတွင် ကျောင်းစာသင်ခန်းများ လုံလောက်မှု မရှိသည့်အတွက် ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးခြင်း၊ စာသင်ခန်း များအား မွမ်းမံပေးခြင်းနှင့် ဆမီးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိသည့် ကျောင်းခန်းမ၊ သိပ္ပံခန်း၊ ကွန်ပျူတာခန်းနှင့် စာကြည့်တိုက် တို့ကို ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ ထားသော သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း။

၇။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သက်ကြီးရွယ်အိုများ ဆိုင်ရာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည် စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် နဝမနေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။